ဦးပုည

# မော်ကွန်းပေါင်းချုပ်

မင်းလှသင်္ခယာဘွဲ့ခံ-ရွာစည်ရွာစား
စလေဦးပုည

mgyoe.com

မော်ကွန်းပေါင်းချုပ်၊ ဦးပုည
စာမျက်နှာ ၆၈ မျက်နှာ၊ ၁၂.၈စင်တီ × ၁၈.၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ခင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ စက်တင်ဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၆၀ ဟံသာဝတီပုံနှိပ်တိုက်ထုတ်မူ။

ရောင်းဈေး ၉၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

မင်းလှသင်္ချယာဘွဲ့ခံ-ရှာစည်ရွာစား စလေဦးပုည

# ဦးပုည မော်ကွန်းပေါင်းချုပ်

ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၀၄

mgyoe.com

mgyoe.com

ဟံသာဝတီမူ၊
Copy Print

mgyoe.com

mgyoe.com

# နိဒါန်း

မော်ကွန်း ဟူသော ဝေါဟာရ၌ မော်သဒ္ဒါသည် အတ္တုပ္ပတ္တိကိုဟောသည်၊ ကွန်းသဒ္ဒါသည် မင်းတို့စံရာနန်းတော်ကိုဟောသည်ဟု ဝေါဟာရလီနတ္ထ ဒီပနီကျမ်းတွင် ဆိုသောကြောင့် မင်းတို့စံရာနန်းတော်အတ္တုပ္ပတ်ကို ဘွဲ့ဆိုသည့် ကဗျာလင်္ကာ, သို့မဟုတ် မင်းတို့နှင့် စပ်ဆိုင်သော အကြောင်းအရာ အတ္တုပ္ပတ်ကို ဘွဲ့ဆိုသည့် ကဗျာလင်္ကာမျိုးကိုမော်ကွန်းခေါ်ဆိုကြောင်း သိအပ်ပေသည်၊ဤဦးပုည မော်ကွန်း ပေါင်းချုပ်တွင် ရတနာနဒီဘွဲ့ မော်ကွန်းနှင့် ပဌမပိုင်းဘုန်းတော်ဘွဲ့ မော်ကွန်း, ဒုတိယပိုင်း ဇင်းမယ်နိုင်မော်ကွန်း, တတိယပိုင်းမန္တလေးဘွဲ့မော်ကွန်းဟု မော်ကွန်းလေးစောင်ပါရှိရာ အားလုံးခြုံ၍ကြည့်ပါလျှင် ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီးနှင့် ဆင်ဖြူမရှင်မိဖုရားခေါင်ကြီးတို့ ရွှေလက်တွဲ၍ နန်းပွဲသဘင် ဘိသိက်မင်္ဂလာ ယင်တော်မူပြီးနောက် ဘုန်းဘန်ခိုး အာနုဘော်အစွမ်းဖြင့် ရရှိအပ်သော အကျိုးထူး အာနိသင်အကြောင်းအရာ အစီအစဉ်တို့ကို ပေါ်ပေါ် လွင်လွင်ထုတ်ဘော်ကျူးရင့်ဘွဲ့ဆိုအပ်သောကဗျာလင်္ကာဖြစ်၍ ၎င်း ၄-စောင်လုံးကိုပင် ဘုန်းတော်ဘွဲ့မော်ကွန်းဟု သာမန်အားဖြင့် ဆိုသင့်သော်လည်း တပိုင်းနှင့်တပိုင်း တစောင်နှင့်တစောင် ကွဲလွဲခြားနားချက်ကို သိစေခြင်းငှါ ၄-ပိုင်း ၄-ကဏ္ဍ ၄-စောင်ကို အမည်ထူး၄-ခုဖြင့် သတ်မှတ်ခေါ်ဆိုခြင်းဖြစ်ပေသည်။

mgyoe.com

mgyoe.com


## စလေဦးပုည

စလေဦးပုည၏အတ္ထုပ္ပတ္တိကို ဦးပုည၏ လက်ရာစာအုပ် စာတမ်းအများတွင် အချိုးအဖွင့်တို့၌ ဂုဏ်မြင့်ဖေါ်ပြကြ ပြီးဖြစ်သဖြင့် အကျယ်တဝင့်ထပ်မံဖေါ်ပြရန်ကား လိုအပ် မည်မထင်ပေ၊ အကျဉ်းအားဖြင့်ဖော်ပြရသော် ဦးပုညသည် ၁၁၇၄-ခုနှစ်ဖွားဖြစ်၍၊ ၁၂၂၉-ခုနှစ်တွင် အနိစ္စရောက် သည်၊ ဖခင်မှာ ဦးမြတ်စံဖြစ်၍ မိခင်မှာ ဒေါ်လှရင်ဖြစ် သည်၊ ငယ်ရွယ်စဉ်က စလေမြို့တွင် ပညာသင်ကြား၍ နောင်သော် အမရပူရမြို့တွင် ပညာဆည်းပူးသည်၊ သာမ ဏေဝတ်ရာတွင် ရှင်ပုညဟူသော ဘွဲ့ကိုခံယူသည်၊ ပိဋကတ်, ဗေဒင်, ကဗျာလင်္ကာတတ်မြောက် ကျွမ်းကျင်သဖြင့် မင်း တုန်းမင်းကြီးထံတွင် လက်ဖက်ရည်တော်အရာဖြင့် ထမ်း ရွက်ရာ မင်းလှသခ်ဿဘွဲ့နှင့် ရွာစည်ရွာကို စားရသည်၊ [ဦးပုညအတ္ထုပ္ပတ္တိအကျယ် ဟံသာဝတီ ရေသည် ပြဇာတ် ၌ ပါရှိသည်။]

### ဦးပုညရေးသားပြုစုခဲ့သောစာပေစုများ

၁။ ဟောစာ—

(က) ဥပကနှင့်စာဝါ ဟောစာ (ဟံသာဝတီ။)

(ခ) ဝေဿန္တရာဟောစာ။

၂။ တရားစာဝတ္ထု—

ဦးပုညဝတ္ထုပေါင်းချုပ် (ဟံသာဝတီ။)

၃။ မော်ကွန်း—

(က) ရတနာနဒီဘွဲ့မော်ကွန်း } ဟံသာဝတီ၊
(ခ) ဘုန်းတော်ဘွဲ့မော်ကွန်း }

mgyoe.com

mgyoe.com



(ဂ) ဇင်းမယ်နိုင်မော်ကွန်း } ဟံသာဝတီ။
(ဃ) မန္တလေးဘွဲ့မော်ကွန်း }

၄။ ဗေဒင်ကဗျာပေါင်းချုပ်။

၅။ ပြဇာတ်—

(က) ဝေဿန္တရာပြဇာတ်။
(ခ) ကောသလပြဇာတ်။
(ဂ) ရေသည်ပြဇာတ် (ဟံသာဝတီ၊)
(ဃ) ဝိဇယပြဇာတ် (ဟံသာဝတီ၊)
(င) ပဒုမပြဇာတ် (ဟံသာဝတီ၊)
(စ) ကုသပြဇာတ် (မပြီးဆုံး၊)

၆။ သာသနာတော်လျှောက်နှင့် ဆွမ်းတော်ကြီးစာတမ်း (ဟံသာဝတီ၊)

၇။ မဥ္ဇူသကသတ်ပုံ၊

၈။ ရာန္တသက္ကဆေးကျမ်း၊

၉။ သင်္ဂြိုဟ်ကိုးပိုင်းတေးထပ်၊

၁၀။ မယ်ဘွဲ့ မောင်ဘွဲ့မှာတမ်း။

၁၁။ ဝါသုဒေဝဇာတ်ဝတ္ထု။

၁၂။ သက္ကဋဗုဒ်နည်းလင်္ကာ၊

၁၃။ ဗဟန်းကန်တော်ကြီးဘွဲ့ တောလား၊

၁၄။ သဒ္ဒါပုဒ်စစ်နှင့် ဂန္ထန္တရနိသျှ နံ့ခပျာက်များ၊

၁၅။ တေးထပ်နှင့် အခြားကဗျာများ။

## ပုံနှိပ်ခြင်းအာသီသ

ဗုဒ္ဓဘာသာဝင် သူတော်စင်ဖြစ်ကြသော အမျိုးသား, အမျိုးသမီးတို့အား တရားသက်ဝင် သဒ္ဒါရွှင်လျက် ဝမ်း

mgyoe.com

mgyoe.com


တွင်သိုမှီး ပိဋကတ်တိုက်ကြီးသဖွယ် ဖြစ်ကြစေရန်ငှင်း၊ ပါဠိတော်, အဋ္ဌကထာ,ဋီကာ, ယောဇနာ, ဂဏ္ဌိဋ္ဌိရမျှား နှင့်တကွ ရှေးဟောင်းစာပေများ မတိမ်ကော မပပျောက် စေရန်ငှင်း၊ မသူတော်တရားကွယ်ပ၍ သူတော်တရား ထွန်းကားစေရန်ငှင်း၊ဗုဒ္ဓသာသနာတော်ကြီး စည်ပင်ပြန့် ပွား၍ အဓွန့်ရှည်စွာတည်စေရန်ငှင်း၊ "အမတဒုန္ဒုဘိံ၊ အမြိုက်နိဗ္ဗာန်လမ်းပြ ဓမ္မစည်တော်ကြီးကို။ အာဟညိံ၊ ဒေသနာဉာဏ်စက်ဖြင့် တီးနှက်ပေတော့အံ့" ဟူသော ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ အာသီသ အလိုကျ မိန့်ခွန်း တော်မြွက်ဟသည့်အတိုင်း လိုက်နာကျင့်သုံးရန်ငှင်း၊ ရည် သန်ရိုးရင်း နှလုံးသွင်းရှိသည်ဖြစ်၍ ဦးပုညဓမ်ကွန်းဓပါင်း ချုပ် ဝေါဟာ သညာတင့်ဆန်း ဤသည့်ကျမ်းကို ခမ်း နားသပ်ရပ်စွာ ရိုက်နှိပ်ဖြန့်ချိ ထုတ်ဝေအပ်သည် ဖြစ်ပါ ကြောင်း။

ယင်းသို့ ထုတ်ဝေဖြန့်ချိရာတွင်လည်းရှင်းလင်းသေသပ် သော အထားအသို, အပိုအလိုမရှိသော ပုဒ်ပါဌ်,အဖြတ် အရပ် ကျနသေချာ၍ အက္ခရာပုဒ်ဗျည်း မလိပ်လည်းစေရ အောင် ပါဠိဆရာကြီး၊ ဦးခင်စိုး [သာသနမဇ္ဈိမိရိပဝရဓမ္မာ စရိယ]နှင့် ဆရာ ကိုတင်နွယ်, ကိုသန်းညွှန့်တို့က ကောင်း စွာသုတ်သင် ပြင်ဆင်ကာ စက်တင်ပုံနှိပ်အပ်သည် ဖြစ်ပါ ကြောင်း။

"ဟံသာဝတီ"

mgyoe.com

mgyoe.com



# ဦးပုည
# မောင်ကွန်းပေါင်းချုပ်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## ရတနာနဒီဘွဲ့မော်ကွန်း

၁။ ဖြိုးလော့ကြက်သရေ၊ တက်ဖြိုးဝေစိမ့်၊ ရေဇာနန္ဒနီ၊ သိန်တညီလျှင်၊ ခုနစ်လီဆင့်၊ ဝန်း၍မြင့်သည်၊ မြေပြင့်ဗိမာန်၊ သဏ္ဍာဃန်ထက်၊ ဝေယန်သာစွ၊ မါဝရလည်း၊ မာဃကုသိုလ်၊ ကံနဂိုရ်ဖြင့်၊ အလိုပြီးမြောက်၊ ဘုံကြီးပေါက်သို့၊ မိုးအောက်မျက်နှာ၊ စက္ကဝါကို၊ လက်ျာတုံ့ခတ်၊ တန်ခိုးလွှတ်သား၊ ရန်ဖြတ်လွှင့်မှုန်း၊ တို့ရှင်ဘုန်းကြောင့်၊ အနှုန်းမစံ၊ သပြေယံဝယ်၊ ဝေလျှံညီးလျက်၊ ရာထီးချက်တို့၊ စုံလက်ရှိပန်း၊ လက်မုံသွန်းသား၊ မန္တလေးညွှန့်၊ မြေအဝှန့်ထက်၊ ရွှေခွန့်အလာ၊ ဗျာဒိတ်မှာနှင့်၊ မဟာပနာဒ၊ သမ္ဘာရကြောင့်၊ မြေမှထွားမြောက်၊ ဘွားဘွားပေါက်သား၊ များ

mgyoe.com

mgyoe.com


ထောက်ဘခထောင်၊ နန်းရွှေတောင်သို့၊ ပြောင်ပြောင်ဝင်းဝါ၊ လင်းလင်းဖြာမျှ၊ ရတနာပုံ၊ နန်းနိတုံကို၊ အမုံရင့်သန်၊ ရွှေဘုန်းဘန်သော၊ဘုမ္မဗ္ဗာလာ၊ ဒေဝါရွှေညီ၊ ကောဝိဒနှင့်၊ မြေမဟီဆုံး၊ သစ်သစ်ကြုံး၍၊ ခေတ်လုံးညွှတ်ယိုင်၊ ငြိမ့်ငြိမ့်အိုင်သည်။ ။သံပြိုင်ဇာတ ကောင်းကြီးတည်း။

၂။ တကမ္ဘာလျှင်၊ မဟာဗြဟ္မာ၊ လျှာကုဋေဖြင့်၊ဆန်းနေဂိုဏ်းညီ၊ ဂါထာစီ၍၊ ကြူးချီမြွက်ဘော်၊ ဆိုလှည့်သော်လည်း၊ ဘုန်းတော်ကဲလွန်၊အနေကန်ကို၊ဝေဘန်ငြီးငြွောက်၊ ပြီးမရောက်လိမ့်၊ မြကျောက်ခါးပန်း၊ စက်နရန်းဖြင့်၊ ဝန်း၍ရစ်ဝုတ်၊မြစ်သမုဒ်ကို၊ချုတ်ချုတ်နှောက်နည်၊ ပတ်ခေါက်လည်သည်၊ မန်းပြည်တည်ထောင်၊ ဘေးရန်အောင်ကား၊ စက်ရောင်ရွှေနှုတ်၊ ဥက္ကာမုက်နှင့်၊ ဝိသုဒ္ဓစစ်၊ ထောင်ခြည်ရစ်သည်၊နေမြစ်မန္တာတ်၊ကုန်းဘောင်နတ်၏၊မြစ်မြတ်ဇနိန်၊ နွယ်သမ္ဘိန်တည့်၊ ထိန်ထိန်တေဇော်၊သပြေကျော်သည်၊ဘိုးတော်ရန်လှည်း၊ခမည်းစက္ကဝတ်၊နောင်စောထွင့်တို့၊တမွတ်မင်္ဂလာ၊ပြည်သိင်္ဂါနှင့်၊ဇေယျာအဝ၊ အမရဝယ်၊ မြန်မာ့သရဖူ၊ ကြဟန်းထူ၍၊မန်းဘူမဟိန်၊ ရေခဲ့ချိန်သည်။ ။နာဂိန်ဥက္ကဋ္ဌ တောင်ကြီးတည်း။

၃။ ဘဝန္တဂ္ဂ၊ သယမ္ဘူလျှင်၊ နှစ်ဆူစကြာ၊ ဒေသစာဖြင့်၊သုနာပရန်၊နက်သန်ဌာနီ၊ တမ္ဗဒီသို့၊ ပါရမီရင့်နု၊ ဝေနေစုကို၊ မြေဉ်ရှုရွယ်ရည်၊ ချွတ်အံ့လည်သော်၊ မြန်ပြည်အခေါင်၊မန်းရွှေတောင်ဝယ်၊ လရောင်စက်ဝါ၊ လက္ခဏာနှင့်၊ မျက်နှာကြည်မြ၊ ရွှန်းရွှန်းပသည်၊ စန္ဒမုခီ၊ နတ်နာရီလျှင်၊ သိင်္ဂီဦးသစ်၊ ဇမ္ဗူရာဇ်သို့၊ ကျစ်လစ်ဖွံ့ထွား၊ ရင်ညှံ့သားကို၊ တရားညွှတ်နူး၊ ပန်းနှယ်ဒုး၍၊ ကျေးဇူးလေးနက်၊ လှူဒါန်း

mgyoe.com

mgyoe.com



ဆက်သော်၊ ရွှေငှက်ကရဝိက်၊ ဘောင်လုံးညိတ်မျှ၊ ထိတ်ထိတ်သဟံ၊ရင့်ကတွန်သို၊ ဆင်းကြန်အင်ညီ၊ မယ်ဒေဝီအား၊ ဝစီနက်တံ၊ ဗျာဒိတ်သံဖြင့်၊ တောင်ယံနိုးနိမ့်၊ ဖြိုးဖြိုးသိမ့်သည်။ ။ငြိမ့်ငြိမ့်ပဲ့တင်ခတ်တီးတည်း။

၄။ ဒီပလက်ာ၊ သုဓမ္မာနှင့်၊ ခေတ္တရာစံ၊ ပုဂံထောင်တည်၊ဝရွှေပြည်၌၊မြိုက်ရည်ဓမ္မစက်၊ ငါ့နှုတ်နက်လျှင်၊မွန်းချက်သူရိန်၊ထွန်းခဲ့ထိန်ပြီ၊ အာလိန်ခွေညွှတ်၊ သိန္ဓေထွင်၍သို၊ ဝင်သဝတ်ရောင်၊ မြိုးမှောင်သည်၊ မန်းတောင်သမိုက်၊မြေမကိုင်၍ထက်၊ လွန်ရိုက်သာသနာ၊ နှစ်ထောင်သာ၍၊ငါးရာခွဲနှံ့ရှည်၊ အညွှန့်စည်သော်၊ ဤသည်နတ်နွယ်၊ ကလျာငယ်လျှင်၊နယ်ဇမ္ဗူပြင်၊ရန်မာန်နှင်၍၊အိမ်ရှင်စည်ကြီး၊အလိုတီးလိမ့်၊ ဝှဲဒြီးကြော်ကြွေး၊ နှစ်ထောင်ရှေးတိ၊ လေးရာအစ၊ ထွန်းသည်ကပင်၊ဇေယျတေဇ၊နေလရောင်ခြည်၊မန်းတောင်တည်သား၊ကြည်သရာနံ၊ စက်ပုံစီးလွှတ်၊ လောကဓာတ်ကို၊ ဆုံးဖြတ်ဆော်နှိုး၊ကုန်းဘောင်ရိုးလျှင်၊ တန်ခိုးပြည့်စုံ၊တိုက်လုံးခြုံ၍၊ ရွှေဘုံရတနာ၊ ပြည်အောင်ချာကို၊ နိမ္မာနတ်တူ၊ တည်အံ့ဟူသည်။ ။ရှစ်ဆူရိပ်ကြာ ညီးညီးတည်း။

၅။ ဇံမ္ဗူမန်းဘွေ၊ ပြင္ဒာန်းမြေထက်၊ နှုတ်ရွှေမှာတိုင်း၊ ဗျာကရိဏ်းနှင့်၊နန်းပိုင်းသိုက်လျော်၊ အကြိုက်တော်သော်၊ တေဇော်ဝရဇိန်၊ စက်နှယ်ထိန်သည်၊ ပြည်သိဉ်ခေတ်၊ ဘူမရာဇ်ဝယ်၊ထီးသစ်နန်းဦး၊စိုးမှူးပိုင်နင်း၊ အလောင်းမင်း၏၊ မြစ်ရင်းတော်မြတ်၊လောကနတ်လျှင်၊ ဘုံထွင်၍အမရ၊ နန်းဌာနထက်၊စတုဋ္ဌရွှေအိမ်၊ မာန်နှိမ်တားဖြည်၊ စမွယ်စည်တည်၍၊ ဈာန်ယာည်မိုးယံ၊ နတ်စိုးစံသည်၊ သဟံဖြိုဟ္မာ၊ အရိယာနှင့်၊ ကာမာတခို၊ မြင်းမိုရ်မကိုင်၍၊ မဟာရိုက်တို့၊ သိုက်

mgyoe.com

mgyoe.com


လည်းအမြွတ်၊ဓာတ်လည်းအကျော်၊စံနည်းတော်လည်း၊အ ဟော်ဝတာ၊ မွန်ရှည်စွာဖြင့်၊ အလာတညီ၊ အခါ ဤကား၊ ပါရမီသခင်၊ နတ်ရှင်ဘုန်းခေါင်၊မန်းရွှေတောင်ဝယ်၊ နန်း ဆောင်ဗိမာန်၊တည်ချိန်တန်သည်၊မှန်ပြီဘုရား၊မန်းညာဖျား သို့၊ဘဝါးစက်လျှံ၊ကြာချက်ခံ၍၊ ယာဉ်ပျံစွင့်စွင့်၊ စီးစတင့်ဟု၊ ငြိုးပင့်နှုတ်ချို၊တြင်းဆိုသည်။ ။နှုကိုရ်တည်အံ့ချိန်နီးတည်း။

၆။ သာသနာလျှင်၊ သုံးရာဖြိုးသစ်၊ ကိုးဆဲ့ရှစ်တည့်၊ အနှစ် နှစ်ထောင်၊ နေနှယ်ပြောင်သော်၊ မြရောင်ရွှန်းဝေ၊ ကျွန်းသပြေထက်၊ဝေဒိသမျိုး၊ နေကရိုးသည်၊ သတိုးပဝရ၊ အာရောကတို့၊ အမရသာစည်၊ ဘေးတော်ပြည်ဝယ်၊ ငါး မည်ကိုယ်အမ်း၊လက်နက်စွမ်းဖြင့်၊ ခုတ်ဘမ်းနှိပ်နှံ၊ ရိပ်ရိပ် ပျံသည်၊မှင်တံဝေသီ၊ ကေသရီလျှင်၊ လည်ချီလှန့်ဟောက်၊ခံ စောင့်ရှောက်သား၊ ရန်ထောက်နှင်ဟန့်၊ ပလ္လင်ပြန့်ထက်၊ စင်သန့်ဖြူနစ်၊ပင်လယ်ဖြစ်သည်၊ညာရစ်ငွေရောင်၊ ခရုချောင် ဖြင့်၊သျှောင်ကေတုမာ၊ ရတနာကို၊ ဂင်္ဂါနဝတတ်၊ သုန်သုန် ဆွပ်၍၊ ဘုံထွဋ်ဦကင်၊ မုဒ္ဒါယင်သော်၊ ကောင်းကင့်မြေရေ၊ လေအဆုံးရောက်၊ခြိုးခြိုးပေါက်မျှ၊ဘုန်းခြောက်ပါးရှင်၊ရွှေ ပလ္လင်ဝယ်၊အောင်မြင်သစ္စာ၊ပွင့်ဆဲခါသို့၊ဖြဟ္မာသံပြီ၊ သာဓု ဂီဖြင့်၊ထိပ်ဆီစုံဆင့်၊ လက်မှုံပွင့်သည်။ ။တို့ရှင့်ဘုန်းရောင် နေမီးတည်း။

၇။ ရာဇဗျူဟာ၊ဘိသေကာဟု၊မင်္ဂလာမှူကြီး၊အောင် ပွဲပြီးသော်၊ ဗွဲငြိုးပြန်ရှား၊ အဇ္ဈန့်ကြားသား၊ ဗြူတားချေဝံ၊ စံနည်းသံကို၊ကံပါရမီ၊ဉာဏ်ဂမ္ဘီဖြင့်၊ လီလီဆယ်ဆယ်၊ရှာ ရွေးချယ်လျက်၊အံ့ဘွယ်အလွန်၊ဤတောင်မွန်၌၊ ဗိမာန်ပြန့်

mgyoe.com

mgyoe.com



ပြော၊တည်အံ့သောဟု၊ ဩရောကပိ၊ မတ်ဉာဏ်ရှိနှင့်၊ ဇ္ဇတိဟာသ၊တက္ကငါးပုံ၊ နွတ်ဝယ်ငုံသည်၊ အင်္ဂစုံပဏ္ဍိတ်၊ ပုရောဟိတ်တို့၊သန္နိဋ္ဌာန်နှုတ်၊ ဝေဒသုတ်လည်း၊ ဇုပ်ယုဂ်တပြီ၊ လိုတော်ညီသော်၊ တောင်ဂိရိထူး၊ မြေမျှော့မွှားထက်၊ နန်းဦးတည်ရန်၊ ဘူနက်သန်ကို၊ ကောင်းကြန်လှစ်ဘွေ၊ စနစ်လေဟု၊ မိန့်ရွှေတော်ခွန်း၊ ညွှန်ပြဌာန်းသည်၊ ။ပျို့မွန်းနာဘွယ်မငြီးတည်း။

၈။ ထိုအခါဝယ်၊ဇ္ဇန္တဘုန်းလျှံ၊ဝိသုကံနှင့်၊ ဒိသမ္ပတေ၊ ပရမေသူရိန်၊ သီဝိန္ဒရာဇ်၊ နတ်စစ်တေဇော်၊ အာနုဘော်ကြောင့်၊မတ်ကျော်ကဝိန်၊သုခမိန်ဘို့၊ကာယိန္ဒြေ၊ ကိုယ်တွင်းနေလျက်၊မြေကိုဉာဏ်လှစ်၊ ဘန်စနစ်သော်၊ ကြန်ရှစ်အင်္ဂါ၊ ပထဗျာဝယ်၊သဘာဝတ္တ၊သဏ္ဍာနနှင့်၊ မမျှနိမ့်မြင့်၊ သစ်ပင့်အနေ၊မြေသရဂန်၊ ကုန်းစွန်ကျင်းဝှန်း၊ ရေစမ်းနိုင်းညှို၊ရေရှိရေတည်၊ အင်ရှစ်မည်လည်း၊ ချမ်းကြည်ပြည့်စုံ၊ ဇ္ဇဋ္ဌာရုံဖြင့်၊စုပုံလောက်လွှေ့၊တွင်ချည်းတွေ့၍၊ မြေအမြုတေ၊ မှန်လှပေရှင့်၊ ကိုးထွေအင်္ဂါ၊ လက္ခဏာမူ၊ ကမ္ဘာဓတ္တရဋ္ဌ၊ ဦးခေါင်းမှတ်လည်း၊ အမြွတ်ကိန်းရ၊ဥသဘနှင့်၊ ဂဇနာဂါ၊ ကေသရီတို့၊လက္ခိကြက်သရေ၊ ဖြိုးဝေကဲမြင့်၊ ဝှဲဝှဲတင့်သည်၊ အသစ်ရှစ်ဦး၊မြိုက်ကျေးဇူးလည်း၊ရွယ်လူးနရိန်၊ ဘုန်းတော်ရှိန်ကြောင့်၊ဒေဝိန္ဒရာ၊ ညီညာရွက်ဆောင်၊ ရန်တိုင်းအောင်၍၊ ရွှေတောင်ကြီးအောက်၊ ဘုံကြီးပေါက်သည်၊ ။အံ့လောက်ပြောပ မငြီးတည်း။

၉။ ပူရန္ဒပြီ၊ကြမ်းအညီတည့်၊ပထဝီပြင်၊ ရွှေကြေးမျှင်ကို၊ ဝန်းကျင်ဥသဘ၊တိတိလှသည်၊ တရာ့ရှစ်ဆယ်၊ တ

mgyoe.com

mgyoe.com


မျဉ်းသွယ်မှ၊ အလယ်ဗြဟ္မာ၊ ရှစ်မျက်နှာဝယ်၊ ခေတ္တာဓိပတိ၊ အစရှိသည်၊ အဘိတေဇဝန်၊ နတ်မွန်ရှစ်ကျိပ်၊ ရန်မာန်နှိပ်တို့၊ ဘုန်းရိပ်လွှမ်းခြုံ၊ သပ္ပါယ်တုံပြီး။ ။ဥုံဝိသန္တု၊ တေတလေ-နာဂါ၊ လောကပါလာ၊ စကာမဂါ၊ ဂေဟော တသ္မိံ စတိဋ္ဌန္တု၊ အာပုပ္ပလကရာသဒါ။ ။ဂါထာဝဇီ၊ ခုနစ်ချီဖြင့်၊ သံပြီတွတ်တွတ်၊ တောင်းပန်ရွတ်သော်၊ နတ်လည်းမိုဃ်းဖျား၊ နဂါးမြေယံ၊ ပတ်ဝန်းခြံလျက်၊ အောင်သံရင့်ရူ၊ ခါတမူကား၊ ဇမ္ဗူပျံ့မွှေး၊ မန္တလေးဝယ်၊ စဉ်ရှေးကမ္ဘာ၊ ကြိုက်ခဲစွာသား၊ ရတနာပုံ၊ မျက်စုံရောင်ခြည်၊ နန်းမြို့ပြည်ကို၊ ဇာနည်ဘုန်းခေါင်၊ တိုက်လုံးအောင်သည်၊ ကုန်းဘောင်နတ်ဆွေ၊ ဆယ်ပွင့်နေလျှင်၊ ကြက်သရေကြီးခံ့၊ ပြီးစေအံ့ဟု၊ ရဲဝံ့မနစ်၊ အားတော်သစ်၏၊ ဓမ္မရာဇ်မင်းဆိုး၊ မြတ်နှလုံးကို၊ ပိုက်ကြုံးနှစ်ထောင်း၊ ရွှင်စေကောင်းဟု၊ နတ်ပေါင်းလျှင်မြန်၊ ပြည်ကြီးဘန်သည်။ ။ဗိမာန်တုမဲ့ဘုံသီးတည်း။

၁၀။ ခြောက်ရာခြောက်ရာ၊ လေးမျက်နှာလျှင်၊ သင်္ချာတိံသ၊ ဥဿဘထက်၊ သူရဇ္ဇဓာတ်၊ ရွှေပြာသာဒ်နှင့်၊ နဝရတ်စီ၊ ကွန့်ကွန့်ချီသည်၊ ကောလီမြေစုံ၊ ဇေယျာဘုံလည်း၊ ဝိဇ္ဇာပြကတိ၊ လျှပ်နွယ်ညီ၏၊ ပဋ္ဌိမစက်၊ ပါပကွက်ဝယ်၊ ဇွက်ချက်နဂိရ်၊ ဘိတ်ဘိတ်ယိုသား၊ တံသိုကွမ်းပြောက်၊ ကြဋ္ဌန်းပေါက်လျက်၊ မြောက်ဥတ္တရာ၊ စမုတ်ညာထက်၊ ရတနာမြူတေ၊ တခဲထွေသည်၊ ဝသော်ဦးကိုင်၊ ဖြူးဖြူးမြိုင်မျှ၊ မလ္လိုက်ပြိုင်မြင့်သွန်း၊ ပုံကြီးထွန်း၏၊ ဝန်းခွဲ့စကြာ၊ တမျက်နှာ၌၊ ပရာဝရံ၊ ဝဲယာခြံသည်၊ မြေခံရေနတ်၊ လေဓာတ်မီးရှိန်၊ ညီးညီးထိန်မျှ၊ ဝရဇိန်ရောင်ရွှန်း၊ ပြောင်ပြောင်ထွန်းသား၊ နန်းဆယ့်နှစ်ဆောင်၊ မိုးခေါင်ကြွားကြွား၊ ရွှေတံခါး

mgyoe.com

mgyoe.com



လည်း၊ တရားစောင့်တတ်၊ လိုတော်ညွတ်၍၊ နတ်ဗြဟ္မာမန်း သင့်ကြောင်းရန်သည်။ ။ဝိဂန်ပုံနှင့်ရောရီးတည်း။

၁၁။ ခေတုမင်္ဂလာ၊ ပတ်လည်ချသား၊ ကွန်းမပြာသာဒ်၊ ဒွါဒရသ်လည်း၊ မျဉ်းခတ်တသွန်၊ စတုကဏ်၌၊ ဗိမာန် လေးသွယ်၊ ဘဝဂ်ကယ်မျှ၊ တနယ်တနယ်၊ တလာပယ်မူ၊ ရွှေကြယ်ငွေကြယ်၊ မျက်စုံခြယ်လျက်၊ တိမ်စွယ်ထဲချောင်၊ ရဲရဲပြောင်သည်၊ရှစ်ဆောင်ရှစ်ဆောင်၊ရစ်မြှောင်ဝန်းလည်၊ ရွှန်းရွှန်းကြည်မျှ၊ ရောင်ခြည်တွဲ့တွဲ့၊ယိုအုံ့ကဲ့သို့၊ လေးဆယ့် ရှစ်တန်၊ဝေဇယန်လည်း၊ဘုန်းဝှန်သတိုး၊ရှင့်တန်ခိုးကြောင့်၊ လိုစိုးမျက်မှောက်၊ မြေမှပေါက်၍၊ ပတ်ခလျှောက်ရစ်ခြုံ၊ ခက်ဆစ်ကြို့လည်း၊ မြစ်တုံဇလုတ်၊ ရေတိဝုတ်လျက်၊ ဥသဘတွန်၊ နက်ကျယ်ဝှန်သည်၊ ရွှေပြန်လွှတ်စွန့်၊ မြရည်သန့်နှင့်၊ မကန့်လျှာဖျား၊ တန့်မနားတည့်၊ ပတ္တမြားမြခဲ၊မျက် ရှင်ထဲ၌၊ သူရဲပုဏ္ဏက၊ လိုတိုင်းပြသည်၊ သဗ္ဗကိရိယာ၊ ရ ဘွယ်ရာသို့၊ ရွှေကြာငှက်ခါး၊ အပါးပါးလည်း၊ ဘုန်းသား ဘုန်းကံ၊ ဘုန်းစိမ်သည်။ ။ထောက်ခံ ကုသိုလ်ခိုင်ဖြိုးတည်း။

၁၂။ မင်္ဂလာလျှင်၊ အဂ်ါမချို၊ရွှန်းရွှန်းပျိုသား၊ မြို့၏ ချက်ဖွေ၊ လယ်မဇ္ဈေ၌၊ သုမေဓာမြတ်၊ ညာပျော်နတ်ကိုး၊ လက်ထပ်မှုကို၊ ဝိသကြုံနှင့်၊ ရွှေဘုံသခင်၊ နတ်ရှင်နှင်း ဆောက်၊ဆုကြီးမြောက်သား၊မြေပေါက်ရတနာ၊ နန်းသိင်္ဂါ လျှင်၊ ယူဇနာမြင့်ဖျား၊ နှစ်ဆယ့်ငါးတည့်၊ ဘုန်းအားဘန် ဆန်း၊ ချက်ခြင်းထွန်းသို့၊ မြေနန်းလွှတ်စံ၊ ပြာသာဒ်ပျံ့ လည်း၊ တိမ်ယံသီငေ၊ အထွေထွေသျှင်၊ ရွှေတာခဲသည်း စက်စက်ရည်းမျှ၊ မြလည်းဘုန္နမှိ၊ ငါးဗိုလ်ကျော်ဂုဏ် စိန်လည်

mgyoe.com

mgyoe.com

ပြိုးပြက်၊ မိုးချက်ပျံ့ဝံ၊ ပုလဲခြည်လျှပ်၊ အထပ်အထပ်၊ ချပ်ကာချပ်ကာ၊ ဆယ်မျိုးဖြာသည့်၊ရတနာမွန်နစ်၊ သင့်ရာသစ်လျက်၊ မြေဖြစ်ရေဖြစ်၊ နတ်ဖြစ်လူ့ဘုံ၊ မျက်မြတ်ပုံကို၊ ဦးသုံ၍တွင်၊ သိကြားယင်ရှင့်၊ကောင်းကင်ဗိမာန်၊ဝေဇယန်ကား၊ ကေနမုချ၊ ကြားကာမျှတည့်၊ ဘဝသခင်၊ ရှင်ပင်စောထီး၊ ရွှေနန်းကြီးကား၊ အတီးရှေးကျူး၊ ကုသိုလ်ထူးတွင်၊ နတ်မှူးဗြဟ္မာ၊ကိုယ်တိုင်လာ၍၊ မေတ္တာထပ်ပွား၊ဘန်သောအားဖြင့်၊ သိကြားနေတန်၊ ဝေဇယန်ထက်၊ အပြန်ထောင်ရာ၊လွန်ကဲသာသည်။ ။သမ္မာစုံပြည့်ရင်းနှီးတည်း။

၁၃။ အဆန်းအဆန်း၊ရှုမခန်းတည့်၊ရံနန်းငါးဆောင်၊ စံရွှေတောင်လည်း၊ မှောင်ကိုလှစ်ခွါ၊ ယုဂန်ချာ၌၊ အာဋာနာဋ၊ အမည်ရသည်၊ သီဒါ့ထိပ်စွန်၊ ရွှေဗိမာန်လျှင်၊ အပြန်ခလေးဆယ်၊ ဂါဝုတ်ကျယ်၍၊ ငါးသွယ်ချိန်မြင့်၊ အာလိန်ဆင့်ထက်၊ စွင့်စွင့်ထက်ဝန်း၊ ပေါ်ပြိုင်ထွန်းသို့၊စီရန်းတုရင်၊ ရှပ်ရှင်ပြောက်ပြိန်း၊ အကိန်းကိန်းလည်း၊ပိတ်လိန်းခဲ့ကျို၊ ရွှေစတိဖြင့်၊ မျက်စိမူးနောက်၊ ဟူးဟူးတောက်၏၊ တောင်မြောက်ဝဲယာ၊ ရံစကာသည်။ ရတနာ ရောင်စို၊ ဆောင်တို့ကိုလည်း၊ မြင်းမိုရ်ခွတ်လတ်၊ ခါပန်းသတ်ဝယ်၊ နက္ခတ်တင့်ဆုံး၊ ရောင်ပြိုးပြိုးလျှင်၊ မိုးလုံးပြည့်ဝန်း၊လှည့်၍ထွန်းသို့၊ ရွှေနန်းပရိကံ၊ ပတ်သန်းခြံသည်။ ။အလျှံဘိတ်မျှယိုစီးတည်း။

၁၄။ အဝန်းကိုးရာ၊ မဇ္ဈိမာဟု၊ကမ္ဘာနဂိုရ်၊ မြေဗဟိုနှင့်၊ သိန်းယှိုဥ်သထုံ၊ ရွှေဘုံခေတ္တ၊ ရိမဒ္ဒထက်၊ ရှေးကကျော်သောင်း၊ ဘေးစောလောင်းတို့၊ ရိုက်ညှောင်းရွှေစည်၊

mgyoe.com

mgyoe.com



မြို့နန်းတည်သား၊ ခိုင်ကြည်ကြီးကျယ်၊ အံ့စဘွယ်ဟု၊ ကျမ်း
ဝယ်အာဂုံ၊ လာလှည့်တုံလည်း၊ ဘုမ္မန္တရ၊ ဒေသဝေါဟာ၊
နှီးနှော့စာသော်၊ ယူဇနာဘွဲ့နည်း၊ အပည်းပည်းတိ၊ လှည်း
တပိုးပြန့်၊ တာအခန့်ကို၊ ရှည်ဝွန့်တယူ၊ ဇနာဟူ၍၊ လူဥပ
ဒည်၊ များလတ်သည်ကြောင့်၊ မကြည်မလင်၊ ဒုဟာဝင်ခဲ့၊
မျက်မြင်ကိုယ်တွေ့၊ ဆိုသရွေ့လည်း၊ ဘုန်းဟေ့ မြတ်စွာ၊
တို့ထွင့်ချာ၏၊ ရတနာပုံ၊အာရုံရှုမြော်၊ ရွှေပြည်တော်နှင့်၊
စံသော်လက္ခဏာ၊ သိကောင်းရာ၏၊သီဒါပတ်လည်၊ရံကျုံး
သည်လည်း၊ မျက်ခြည်ရှုမြင်၊ ဘယ်ပြည်တွင်မျှ၊ လေးခွင်
ထုတ်ခတ်၊ ရေရဟတ်ဖြင့်၊ မပတ်စတောင်း၊ အင်းမြစ်ချောင်း
ကို၊ ခနောင်းတဘက်၊ ကျုံးရေတွက်၍၊ အမျက်ဝဇီ၊ ဆိုရ
ဋ္ဌီခဲ့၊ ပါရမီအထုံ၊ ပြည့်လောက်လုံသည်၊ ရွှေဘုံဥကင်၊
မန်းပြည်ရှင်၏၊ရဇ္ဇင်မင်္ဂလာ၊တပြည်သာသည်။ ။ယထာ
ဝါဒီဂုဏ်ထူးတည်း။

၁၅။ ရတနာပုံ၊အင်္ဂါစုံသည်၊မြေခုံနက်သန်၊ ရွှေဗိမာန်
ထက်၊ ရှစ်တန်ပလ္လင်၊ မာရဘင်ဝယ်၊ ငွေစင်ပစ္စူ၊ရှစ်ဆိုင်ထူ
လျက်၊ မြူမရစ်ဘွဲ့၊ နှစ်နှစ်လဲ့သည်၊ ခြောက်ဆယ့် လေးဦး၊
ကျေးဇူးပွါးပွါး၊အင်မချို့တည့်၊ မြို့ကြက်သရေ၊ မြူတေဝါဝင်း၊
လမင်းသတိ၊သမာဓိတုံ၊ သီလဂုဏ်တည်း၊ မမှုန်မထင်း၊ညစ်
ကြေးကင်းလျက်၊ မြစ်ရင်းနှစ်ဖြာ၊ နေကိုက်ညှာဟု၊ ရိပ်ကြာ
ဝန်းဖြန့်၊ ရေသွန်းသန့်သည်၊ ညာနန့်ကေသီ၊ နတ်ဒေဝီနှင့်၊
ရွှေညီလာရုံ၊ ဗိုလ်ရှုခံလျက်၊ ဘုံပုံဦးကိုင်၊ ရွှေမဏ္ဍိုင်ကို၊
စိုးပိုင်သိမ်းယူ၊ ထိန်းတော်မူဟု၊ လူလည်းလေးမြတ်၊ နတ်
လည်းမေတ္တာ၊ဖြဟ္မာအဟို၊ ကြည်ညိုဩီးမြှင့်၊ရွှေလက်ပင့်၍၊
ရှင့်ရှင့်ရော်ရော်၊မန္တန်ကျော်နှင့်၊ ပင့်ခေါ်သွင်းနှံ၊ တြင်းသံ

mgyoe.com

mgyoe.com


ဖြင့်၊ ညင်းညံ့ကျူးရှင်၊ နန်းဦးတင်သည်။ ။လူ့ခွင်မကြုံ စဘူးတည်း။

၁၆။ ရိပုံဇေယျာ၊ မန်းသိင်္ဂါဟာ၊ အောင်ချာတာမွတ်၊ ရွှေဘုံထွင့်ကို၊ စက္ကဝတ်သတိုး၊ တန်ခိုးကျူးပြီး၊ ကျင့်သုံးရာဇမ်၊ ဓမ္မကံလည်း၊ တရံမကွေ၊ တည်လတ်ထွေကြောင့်၊ သရေဓမ္မာ၊ စောနရာအား၊ မုဒ္ဒါနိသင်၊ ဘုန်းကျိုးထင်သို့၊ ဘုရင်ကေရာဇ်၊ သိင်္ဂီစစ်တို့၊ထီးသစ်ဘွေးဘွေး၊တည်သစ္စေး သည်၊ ကလေးမည်သာ၊ ပြည်အချာမှ၊ရှုဇာတန်ခိုး၊ ဆဒ္ဒန် မျိုးကို၊ မြတ်နိုးစုံမက်၊ နတ်တို့ဆက်၍၊ ရွှေစက်မဥ္ဇူ၊ တင် တော်မူရှင့်၊ တိမ်ဖြူပန်းဝတ်၊ လှမ်းကာဆွတ်သည်၊ အသ တရ၊ နတ်သယာဉ်ကျော်၊ တိုရသော်ကား၊ ဝေရော်မျက် ရှင်၊ ဘုဇင်္ဂသာ၊ ရတနာတင့်မော၊ ဓာတ်သဘောလည်း၊ မနောမယိဒ္ဓိ၊ ဘုန်းရှိစောထီး၊ လိုတော်ပြီး၏၊ ညီးညီးလျှံ ထိန်၊ တချက်ချိန်က၊ ဝရဇိန်သွား၊ ရာထောင်ပွါး၍၊ လွှား လွှားဖြတ်စည်း၊ ရန်လုံးညွှည်းသည်၊ ယည်းတယားစကြာ၊ ရိန္ဒမာလည်း၊ သမ္ဘာတော်ဟုံ၊ လိုပြည့်စုံသည်။ ။ရွှေဘုံ ပြည်ကြီးကျေးဇူးတည်း။

၁၇။ တရံသော်တုံ၊ ဘူပေါဇနိန်၊ အသမ္ဘိန်ကား၊ ပညိန္ဒြေ၊ ဘန်စိတ်ဝေ၍၊ သပြေမန်းငူ၊ ပြည်ကြီးသူတို့၊ ငွေ ကြုပင်လယ်၊ ရစ်သွယ်ခွေဝန်း၊ ဦတင်ကန်း၍၊ မြင့်သွန်း ယူဇနာ၊ ပဒေသာမှ၊ လွယ်ကာဆွတ်ရုံ၊ လူမှုကုံသို့၊ မကြုံ မရှား၊ ရေစာများ၍၊ စီးပွားချမ်းသာ၊ ဖြစ်ကြောင်းရှာ သော်၊ ရှေးခါအရှည်၊မင်းဘုန်းစည်တို့၊မြရည်ရွှေလောင်း၊ ရေယဉ်ချောင်းကို၊ ဗိုလ်ပေါင်းဝန်းလျှား၊ မင်းဘုန်းအား ဖြင့်၊ ကြီးစားကုတ်ကော်၊ တက်လှည့်သော်လည်း၊ ဖြေဒ်

mgyoe.com

mgyoe.com



ဖြော်ရေကြည်၊မစီးသည်ကြောင့်၊ ရွှေပြည်ရိက္ခာ၊လုပ်စာခွန်ထွက်၊ ကျီးမနက်တည့်၊ ကျွန်းချက်မြန်ဘောင်၊ မန်းရွှေတောင်၌၊နန်းဆောင်သမိုက်၊ကြငှန်းစိုက်၍၊ တည်ထိုက်တုံစွာ၊ထိုမင်းသာလျှင်၊ သီဒါသွယ်မြောင်း၊ ဤရွှေလောင်းကို၊ ပြီးကြောင်းမရှည်၊ စွမ်းနိုင်မည်ဟု၊ ဘုန်းစည်ဖျာဒိတ်၊ သိုက်နိမိတ်နှင့်၊ သန္နိဋ္ဌာန်ကျ၊ညီမောလှသား၊ဒသမစကြာ၊ တို့ရှင်သာသည်။ ။ကမ္ဘာကဲအံ့ လွန်ကျူးတည်း။

၁၈။ သုံးထောင်ယူဇနာ၊ ဟေမဝါဝယ်၊စုလ္လာသီထွင်၊ သားသားညွတ်သည်၊ ကျောက်ဓာတ်မဟီ၊ သေလာဂီလည်း၊ တိမ်ဆီသွန်းသွန်း၊ ခိုက်ဘနန်းမျှ၊အဆန်းအကြယ်၊ အံ့ဩဘွယ်ကို၊ မြောက်ဆွယ်စိန့်တိုင်း၊ တောင်ယွန်းခိုင်းလျက်၊ မိုင်းလုံခရိုင်၊ လွန်ဖြိုးခိုင်သည်၊ တောင်ပိုင်ပြည်ကြီး၊ တစင်းထီးမှ၊ စီးခဲ့အမှန်၊ နတ်လွှတ်ပြွန်လျှင်၊ တောင်စွန်ပိုက်ကြော၊ ရေမလျော့တည့်၊ မိုင်းငေါ်မံဝေ၊ ပလောင်နေသည်၊ တောင်သေလဝန်း၊ နံ့စင်နန်းက၊ ဖြန်းဖြန်းထွားကွန့်၊ နဂါးလွန့်သို့၊ တွန့်၍ဝဲယာ၊ ရေယဉ်လာသော်၊ ခွံ့ခွါတန်ခိုး၊ တောင်တရိုးလည်း၊ မလျှိုးမငုပ်၊ မတိမ်မြုပ်တည့်၊ ဟင်ခုပ်ရွာမြိတ်၊ ပတ်ခဲ့ချိပ်မှ၊ မိုးမိတ်နယ်ကုန်၊ တွေတွေစုန်သည်၊ ။အမ္ဘုန္ဒရရေဦးတည်း။

၁၉။ အတွေအတွေ၊ တောင်နှင့်ရေတည့်၊ မြိုင်ခြေရဂုံ၊ သာမျိုးစုံသည်၊ မိုင်းလုံနယ်ပါ၊ နဂါးရွာမှ၊ ဒက္ခိဏာယည်၊ ညာစဉ်ပတ်ချုပ်၊ စီးခဲ့ဟုတ်သော်၊ မံပုပ်နာရော၊ တကြောနာရောင်၊ တောင်အဆုံးရောက်၊ ညောင်ထောက်တသီး၊ မြောက်ခရီးဖြင့်၊ လယ်ကြီးပတ်ကုံး၊ ကျောက်တလုံးကို၊ ကျုံးသို့ရစ်ဝှတ်၊ လွှဲခဲ့ထုတ်၍၊ မိုးကုပ်မြို့နယ်၊ ညောင်ကုန်း

mgyoe.com

mgyoe.com


ဝယ်ကား၊ တသွယ်ခွဲခြား၊ မြောက်သို့ပါးလျက်၊ စကား တောင်ခြေ၊ မြစ်ကြီးရေလျှင်၊ လေတသုန်သုန်၊ လှိုင်းကုန်ကုန်နှင့်၊ စုန်ခဲ့ဆောလျှင်၊ ဘောဘောနှင်မှ၊ ကျပ်ပြင်နယ်မြေ၊ လကျာခွေသော်၊ ရေဝစွန်းကျ၊ ပစ္ဆိမသို့၊ မြနဒီကြော၊ ယာယီမျှော်ပြီး၊ မြစ်ယောမြိုင်နှင့်၊ ဂနိုင်တခွင်၊ ပျော်ပွဲဖျင်သည်၊ လောင်းစင်ရွာအောက်၊ ဖြိုးဖြိုးမောက်မျှ၊ ကျောက်တခဲထွေ၊ တောင်အခြေဝယ်၊ မြေကိုစုပ်စုပ်၊ လျှိုးဝင်ငုတ်သည်။ ။ချုပ်ခဲ့ဘယ်ညာမကူးတည်း။

၂၀။ အာဝတ်ဂင်္ဂါ၊ ရေသီဒါလျှင်၊ ဝေဟာသဓာတ်၊ မိုးခွတ်လတ်မှ၊ ရဟတ်ခေါက်တုံ့၊ ပြန်ကလှုံ့ဖြင့်၊ လျှိုးငုံ့ငုံ့လျှင်၊ ဖြုံးဖြုံးနှင်၍၊ တိယင်္ဂလ၊ ပါသာဏကို၊ခြခြခြေခွဲ၊ မြေအထဲ၌၊ ရေဝဲရစ်သွန်၊ စီးခဲ့ထွန်မှ၊ တဘန်တက်လာ၊ မြေမျက်နှာဝယ်၊ ငါးရာရစ်ဝန်း၊ မြစ်ကြီးထွန်းသို့၊ နှုန်းနှန်းတပြိုင်၊ ကြန့်ကြန့်ခိုင်သည်၊ မဏ္ဍိုင်တည်ဆောက်၊ တောင်ကြီးအောက်သို့၊ လျှိုးဘောက်ရေရှင်၊ ကွယ်ငုပ်ဝင်ပြီ၊ ဥမင်္ဂါဦး၊ ကမ်းနဖူးထက်၊ ထန်းလူးအမြင့်၊ ရေပန်းပွင့်လျက်၊ မှုတ်လွှင့်ထွင့်ပြွန်၊သဲသဲဖွန်၍၊ လွန်ခဲ့ပြီးသော်၊ ကိုင်းကြီးအုတ်ဖို၊ အလျှိုလျှိုတည့်၊ နဂိုရ်ရပ်သာ၊ မတ်တရာကို၊ ပတ်ကာခွေခါ၊ ရောမနှင့်၊ တကွရောယောင်၊ နှောလာပေါင်သည်။ ။ပလောင်ရေတက်ဘက်ခုံးတည်း။

ရတနာနဒီဘွဲ့မော်ကွန်းပြီး၏။

mgyoe.com

# ဘုန်းတော်ဘွဲ့မော်ကွန်း

၂၁။ ခြီးလေ့တိုက်လုံး၊ အောင်သံကြုံးပိမ့်၊ပတ်ကုံးရှုပ၊ သောဥသတွင်၊ သုဒ္ဓအရိယာ၊ မိုးဗြဟ္မာလျှင်၊ ကမလာဇာတ်၊ ဩပပါတ်သား၊ ကြာမှတ်ဟိတ်ဗိုလ်၊ နိမိတ်လိုဖြင့်၊ ဂြိုဟ်ဥဏှာဂူ၊ ဠုန္တူစက္ကရတ်၊ ဘုံပြာသာဒ်တို့၊ သမသတ်ရောင်ရွှန်း၊ ပေါ်ပြိုင်ထွန်းသည်၊ မော်ကွန်းပညပ်၊ ဘဒ္ဒကပ်ကား၊ သရဏ္ဍဉာဏ်၊ နိဗ္ဗာန်ငါးမည်၊ ကြဲငှန်းတည်လျက်၊ အောင်စည်ကျူးရိုက်၊ အစဉ်လိုက်ဖြင့်၊ အမြိုက်သဘင်၊ ယင်လတ်သော့အား၊ ကပ်တပါးထက်၊ ထွင့်ဖျားမိပတိ၊ တင်ထိုက်ဘိ၏၊ တြိသဟဿ်၊ လောကဓာတ်လည်း၊ ဥဂ္ဂင်္ဂမှန်ကူ၊ ဤတိုက်မူလည်း၊ တဆူပြဋ္ဌာန်း၊ သမြေကျွန်းထက်၊ ဦးစွန်းမကိုင်၊ မန်းသမိုက်၏၊ တိုက်တလောက၊ ဩကာသ၌၊ ဗြဟ္မာ့ဂိုဏ်းပွါး၊ ကမ္ဘာသားတို့၊ မြှောက်စားဘိသိက်၊ရှိဦးညိတ်သည်၊ဝိသိဋ္ဌလူ၊ဗုဒ္ဓင်္ကူကား၊ဘူမဏ္ဍာလိပ်၊ လေးကျွန်းဒိပ်ကို၊ ဘုန်းရိပ်မိုးဖြန့်၊ တန်ခိုးကွန့်လျက်၊ အဇ္ဈုန့်မျှားစွာ၊ သတ္တဝါအား၊ ဓမ္မာနုမံ၊ ထွေတောသံဟု၊ ကျုံကျုံကျူးမည်၊တရားစည်ဖြင့်၊ ပတ်လည်ကျော်ဟိန်း၊ဇမ္ဗူထိန်းသည်၊ ။အောင်ကျိန်းလက်မွန်ပွဲဦးတည်း။

၂၂။ မဟာသမ္မတ၊ ခတ္တိယရာဇာ၊ ခရာတံဆိပ်၊ ဘွဲ့ရွှေလိပ်နှင့်၊ မိပ္ပတိထွင့်၊ ကမ္ဘာနတ်မှ၊ သိဒ္ဓတ်ဘုရား၊ နှစ်ပါးခွဲဝေ၊ဂိုဏ်းနှစ်ထွေဖြင့်၊ နေအာဒိဝင်၊ သာကီဝင်ဟု၊ နွယ်စင်သမ္ဘိန်၊ ထွန်းခဲ့ထိန်မှ၊ အာလိင်္ဂစည်၊ သဏ္ဌာန်တည်သည်၊ ပတ်လည်ရစ်မိုက်၊ကိုးရာတိုက်ဝယ်၊ အကိုက်အညွှန့်၊ ကွန့်ကွန့်ကဲလျှံ၊ မင်းပွဲခံ၍၊ စံခဲ့နှောင်းလည်း၊ တကောင်းမြစ်

mgyoe.com
mgyoe.com

mgyoe.com


ခြေ၊ ခေတ်သရေနှင့်၊ မြေဘူမရတ်၊ ရိမဒ်မြင်စိုင်း၊ စစ်ကိုင်းပန်းယ၊ နေဝံသတို့၊ ရွှေဝမဏ္ဍိုင်၊ ဘုံဦးကိုင်ထက်၊ အပြိုင်အပြိုင်၊ ရွှေစိုင်ရတနာ၊ သန္တာရိုးလက်၊ မြတ်မျိုးမျက်တည့်၊ ကိုးချက်နေဟန်၊ ပစ္စူဖြန့်လျက်၊ သတ္တဘဏ်နောင်၊ တောင်၏တံခွန်၊ ဝေဇယန်သို့၊ ဗိမာန်ရွှေဘုံ၊ တရားထုံသည်။ ။ချက်ကုံလောက်ငံကျေးဇူးတည်း။

၂၃။ ပူရရတနာ၊ ပြည်အောင်ချာလျှင်၊ သင်္ခါရမျိုး၊ သိုက်ဓာတ်ညှိုး၍၊ တန်ခိုးမှိန်သော်၊ ဆုံးချိန်အာဘသ်၊ ဘုံအထွဋ်ကို၊ သံဝဋ်ညီးညီး၊ကမ္ဘာမီးဖြင့်၊ အကျိုးမပဲ့၊လောင်သကဲ့သို့၊ ပြည်ထဲ့အလုံး၊ ညှိုးချုံးပျောင်းမျည်း၊ တလိုင်းညည်း၍၊ လုံးကျည်းငြိုငြင်၊ရှိရာတွင်၌၊ကောင်းကင်ပိတ်လိန်း၊ သုဘကိဏှာမှ၊ ကိန်းကုဋေတိုက်၊ ပတ်ပိုက်ဖြိုးမောက်၊ အောက်အဇင်္ဂာ၊ညီညာတင်းကျမ်း၊ ရေတိမ္ဗမ်းလျက်၊လျှမ်းလျှမ်းပြည့်ဝှန်၊ ကပ်မိုးသွန်သို့၊ မန္တန္တရာဇ်၊ နေမြစ်နွယ်ရင်း၊ အာဒိမင်းနှင့်၊ ခံတွင်းကြာမုံ၊ ရွှေပဒုံမှ၊ ဝိဇ္ဇုမြာလာ၊ ဝင်းဝင်းဖြာသည်၊ ဥက္ကာမုက္ခ၊သာကီယမှ၊ ပေါက်ပြမထင်၊ မဟာဝင်ဖြင့်၊ သုံးခွင်လူဗိုလ်၊ ဘုန်းရိပ်ခိုသည်၊ ရွှေဗိုလ်ဘုရား၊ လောင်းမြတ်ဖျားလျှင်၊ ဖွားဖွားဖွင့်လွတ်၊ နှုတ္တိပါဒ်ဟု၊ အာဝင့်ဂင်္ဂါ၊ ဘုန်းမိုးရွာလျက်၊ မဟာရဟာ၊ သိင်္ခရန်အောင်၊ပြည်ကုန်းဘောင်၌၊ တထောင်ရွှေရုံ၊မြဟ္မာစံသို့၊အသမ္ဘိန်ဝင်၊ ငြိမ်းကြီးဆင်၍၊ ဘုရင်ဗိုလ်ပုံ၊စက်ရိပ်လှုံသည်။ ။အုပ်ချုပ်သပြေစိုးမှူးတည်း။

၂၄။ နေရှုလကျာ၊ သပြေညာထက်၊ ရာဘုရင်ချည်း၊ မကိုင့်လှည်း၍၊ ယမ်းပည်းညွတ်ပျောင်း၊ စက်အောက်

mgyoe.com

mgyoe.com



လျှောင်းသည်၊ အလောင်းမင်းတရား၊ မင်းခေါင်ဖျားဧ၏၊ ပတ္တမြားစတော၊ မြရွက်ပေနှင့်၊ ရွှေအက္ခရာ၊ နေဆက်စာမူ၊ ငါးဖြာမာန်သတ်၊ အရိမဒ်ဝယ်၊ နတ်ဝေဇယန်၊ အောင်ဗိမာန်ဖြင့်၊ ရန်မာန်နေခြည်၊ သပြေလည်သည်၊ ဇည်သူမင်းစစ်၊ ဒီပရာဇ်၏၊ မြစ်ရတနာ၊ သိဒ္ဓိကာမှ၊ အာဒိစ္စဗန်၊ သွေမလှန်တည့်၊ ရွှေသန်လျက်ခံ၊ ဇေယျဘုံကို၊ စက်စုံကွန့်နင်း၊ ဘုန်းဘန်ဆင်းသား၊ မိုးညှင်းဘုရား၊ ယင်းသို့အားဖြင့်၊ သားသားဗွန်တင့်၊ တံခွန်လွှင့်သည်၊ ဘုရင့်စတော၊ ခုနစ်နေတည့်၊ ပရမေမှန်ကင်း၊ မိုးညှင်းမင်းမှ၊ ဖြစ်ရင်းစင်ကြယ်၊ သကျနွယ်ဖြင့်၊ နန်းလယ်ရိပ်ဖြူ၊ ဆယ့်နှစ်ဆူတွင်၊ ဗုဒ္ဓက်ူကျော်၊ ဘေးလောင်းတော်ကား၊ အဟော်ဝတ၊ ဤလောကကို၊ စောင်မဘန်ဆန်း၊ မြိုက်ရေသွန်းလျက်၊ ကြွင်းရွှေတောင်၊ ပြည်ကုန်းဘောင်၌၊ နောင်ရာဇဂုဏ်၊ ကမ္ဘာကုန်လည်း၊ တမှုန်မြူလွှာ၊ မတိမ်သာအောင်၊ သမ္ဘာချိန်ဆုံး၊ တုမဲ့ဘုန်းဖြင့်၊ အနှုန်းတော်မြတ်၊ တံဆိပ်ခတ်သည်။ ။နာဂတ်ပြောပရှည်ကျူးတည်း။

၂၅။ အလောင်းမင်းမြတ်၊ ဗောဓိသတ်၏၊ သည်းပွတ်တော်ကြီး။ ဘုန်းမီးလျှံထိန်၊ ဘေးနရိန်ကား၊ သိမ်ရတနာ၊ ပြည်အောင်ချာနှင့်၊ ဇေယျာပူရ၊ ဌာနရန်ကြို့၊ စစ်ကိုင်းမြို့ကို၊ မြင်းမိုရ့်သင်းကျစ်၊ မရူရာဇ်လျှင်၊ ကသစ်မဟာရိုက်၊ နှစ်ပြည်ပိုက်၍၊ ထိန့်ရိုက်တန်ခိုး၊ နှစ်နန်းစိုးသို့၊ ဖြိုးဖြိုးဘုန်းလျှံ၊ ထီးသစ်စံသော်၊ နိုင်ငံငါးရာ၊ နယ်ပါဇမ္ဗူ၊ မြတ်ကျွန်းငူထက်၊ ရန်သူခပ်သိမ်း၊ ဦးခေါင်းကျိန်း၍၊ မုဒိမ်းစင်ဝေး၊ ပြည်ထဲရွှေ၊ ရှင့်ဘေးတော်လတ်၊ သူရိန်နတ်လည်း၊ ထုတ်ခတ်စက္ကဝါ၊ ကောင်းချီးညာလျက်၊ သိမ်ဒါဇေယျာ၊ ရ

mgyoe.com

mgyoe.com



တနာ့ပုရ၊သုံးဌာနဆက်၊ကမ္ဗဇတန်ခိုး၊ဘိသိက်ကြီးဖြင့်၊တိမ်မိုးခုန်ဆွတ်၊ သုန်သုန်လွှတ်သည်၊ အာ့စွတ်မိုသောက်၊ ဥပေါ်ပေါက်ကို၊ စက်အောက်ထားတင်၊ ဆင်ဖြူရှင်ဟု၊ သောင်းခွင်ကျော်ချောက်၊ ဘုန်းရှိန်တောက်သည်။ ။ရန်ညှောက်ထွင်ထွင်တူးတူးတည်း။

၂၆။ ဆင်ဖြူရှင့်သား၊ တရားပဝရ၊ နရိန္ဒနှင့်၊ဘဝသနင်း၊ ဘောင်းကားမင်းဟု၊ ဘေးရင်းမြွတ်ခေါင်၊ ဇမ္ဗူအောင်၍၊ တန်ဆောင်နှစ်ဆူ၊ ထွန်းပြီးမူကား၊ဝိဒူလောက၊ မည်ထိုက်လှသည်၊ဘုရား့ဘေးလောင်း၊ မင်းကောင်းဘုန်းဟော့၊ဘူပတေ့ကို၊ ရေမြေ့အလုံး၊ ပတ်ကုံးချီးကြွေး၊အောင်ဆုပေးသော်၊ကမ်းမှေးမြစ်ဆုံ၊ သန်လျက်ခုံမှ၊ ဗိုလ်ပုံအပြီ၊ ပြောင်းခဲ့ချီ၍၊မပဟီနက်သန်၊မြေကြွန်မင်္ဂလာ၊ ဇေယျာ့သန၊ ထီးပေါင်းခထက်။ အမရဗိမ္ဘာန်၊ ပြည်ကြီးဘန်ပြီး၊နိဗ္ဗာန်လက်ဆောင်၊ ရွှယ်လူးပြောင်နှင့်၊ မိုးခေါင် လည်လှည့်၊ လိုတော်ပြည့်၏၊ စည့်စည့်ထွန်းထင်၊ နေလုလင်သို့၊ ရဇ္ဇင်ဓမ္မ၊အနန္တဖြင့်၊ ဒီပလွှံပေါ်၊ သောင်းလုံးကျော်သည်၊ မြေးတော်စော်ထီး၊ရှင့်ဘကြီးလည်း၊ ရန်မီးသတ်နှိမ်၊ဝရွှေအိမ်ကို၊လေးကြိမ်သမိုက်၊နန်းရှိုးစိုက်သည်။ ။ဆော်ရိုက်ပဋ္ဌင်ရင့်ကျူးတည်း။

၂၇။ စတုဋ္ဌဘုရင်၊ကျွန်းလုံးရှင်ဟု၊ချစ်ခင်သက်နှင်း၊ညီတော်ရင်းကို၊ခပင်းအဟူ၊ နတ်နှင့်လူတို့၊ သျှောင်စုဥာဆင့်၊ တင်ထိုက်သင့်သည်၊ ရှင့်ခမည်းမြွတ်၊ လောင်းမန္တာတ်ကား၊ ဘုံထွင်အမရ၊ပြည်ဌာနထက်၊ ဒုတိယကွန်းပြောက်၊ ကြဌာန်းဆောက်လျက်၊ ထက်အောက်ညာကြေ၊ မြေမကြွင်းကျန်၊

mgyoe.com



လောကဌာန်ကို၊ နှံ့မွှန်တင်းကျမ်း၊ ဘုန်းရှိန်လွှမ်း၍၊ နတ်ပြမ်းစိုက်ထူ၊ ဘရာယူသည်၊ ဇမ္ဗူလွှံ့ကျော်၊ ရှင့်နောင်တော်လည်း၊ နဘော်စက်ရောင်၊ ထိန်ထိန်ပြောင်မျှ၊ လောင်လလိလိ၊ အံ့ဘွယ်ရှိ၏၊ ဇာတိတော်ရိုက်၊ စိုးလိုက်မင်းလာ၊ ထိုအခါကား၊ သာသနာစောင့်၊ နှစ်ထောင့်သုံးရာ၊ သချာတိုးပွါး၊ကိုးဆဲ့ငါးတည့်၊ ဓါတ်သွားဂတိ၊ ဝိထိအဓု၊ စုဒ္ဒသဟု၊ မြိတ္တကိန်းဝင်၊ဆန်းဆဲတွင်၍၊ပလ္လင်ကဒဏ်၊ ဗိမာန်စိုးညွှံ့၊ညွှီးလတံ့ဟု၊ မိုးပျံ့စတေ၊ မုနေသရာ၊ ပညဝါတို့၊အခါပရိစ္ဆိန်၊ သိုက်နှင့်ချိန်၍၊ဣန္ဒြိယ၊ရဋ္ဌတိုင်းရပ်၊ မိမိုင်းကွပ်သည်၊ဝိလပ်သူ့ရှင်၊ ဗိုလ်ထုအင်နှင့်၊ သေနင်ဗျူဟာ၊ ပြိုင်ဆိုင်လာ၍၊ ဟံသာဝတ၊ရာမညကို၊စွန်းစထိပါး၊အရေးများသည်၊ ။ တိုင်းကားပူပင် ညစ်ညူးတည်း။

၂၀။ သိုက်လာဓါတ်လာ၊ကပ်တံထွာနှင့်၊နတ်စာနိမိတ်၊ ဟိတ်အတိုင်းလျှင်၊ ထုံးပိုင်းတညီ၊ ထိုခါပြီကား၊ လောကီသိမ်းပိုက်၊ တတိုက်သနင်း၊ မင်းနှင့်မှူးမတ်၊ မညွတ်မညီ၊ ဝါဒီယုံ့ယွက်၊နှုတ်လက်မစောင့်၊ တရားထောင့်၍၊ မခေါင့်မအား၊ပြည်ရိပါးသော်၊ပြည်သားအထု၊ မကြည်မှုကြောင့်၊ လိုဆုမတောင်း၊ထိုအကြောင်းကြောင့်၊ နတ်ကောင်းမမ၊ထိုကိစ္စကြောင့်၊တန္တမိစ္ဆာ၊ အခွင့်သာ၍၊ ရောဂါနှိပ်စက်၊ စစ်မက်မဆိတ်၊ ဒုဗ္ဘိက်ညှဥ်းဆိုး၊ ပြည်တန်ခိုးလည်း၊ သမ်းညှိုးသိမ်ဖျင်း၊ပြည်ဦးကင်းလည်း၊အတွင်းလုံးပိုး၊ သစ်ဆွေးကျိုးသို့၊ကိုးရာမဲ့ကြီး၊ အချည်းနှီးလျှင်၊ ပျက်စီးတလှည့်၊ သို့ဖြစ်သည့်ကြောင့်၊လူ၏အကွပ်၊ဟိရောတ္တပ်ကို၊ ထက်ချပ်မြဲမြံ၊ အသက်နှံ့လျက်၊ ရာဇဒဏ်တော်၊ ဝတ်ညီလျော်အောင်၊ ပယော်ဂမှု၊ သူမပြုလည်း၊ ပွင့်ဆုဘိသိက်၊ ရှစ်ပါးဟိတ်နှင့်၊

mgyoe.com

mgyoe.com



ဗျာဒိတ်လက်ရှိ၊ ဖြစ်ဘိရကား၊ ကိုယ်တော်အားကို၊ ကိုယ်ပွါးမကျ၊ သယမ္ဘူဖြင့်၊ ဓမ္မပဒေသ၊ တစ်ထိုက်လှ၏၊ ရာဇဓမ္မ၊ စာရထိန်းစောင့်၊ မင်းလမ်းဖြောင့်က၊ ပြည်ထောင့်မျက်နှာ၊ လမျှော်ကြာသို့၊ ချမ်းသာပြည့်လင်း၊ ရန်မျိုးကင်းသည်။ ။ မင်းလည်းဘုန်းရောင် ကွန့်မြူးတည်း။

၂၉။ အပရန္တ၊ မြန်ဒေသလျှင်၊ တန္တပူအိုက်၊ စစ်မက်ဆိုက်၍၊ အရိုက်အရာ၊ သာသနာလည်း၊ အာဝါဠ္ဍမ်းညိုး၊ မင်းသတိုးလည်း၊ တန်ခိုးလှိုကြူ၊ လူဗိုလ်ပုံလည်း၊ မလုံကိုယ်စိတ်၊ ဝိပရိတ်ဖြင့်၊ လန့်ထိတ်ဗျာပါ၊ ရှိကြခါသော်၊ မြတ်စွာဘုန်းဂုန်၊ ခန္ဓမာန်ကို၊ ပယ်လှန်ချိုးဖျက်၊ အောင်မည့်ရက်၌၊ ရွှေစက်တော်ပါး၊ မိုးသိကြားအား၊ ရှစ်ပါးသံအိန္ဒ၊ ဗျာဒိတ်မိန့်ကြောင့်၊ ဝတိန္ဒမိပတိ၊ ထောင်မျက်စိဖြင့်၊ ဇာတိလူ့ပြည်၊ ရှုလတ်သည်တွင်၊ သုံးမည်သာသနာ၊ ဝန်ကြီးစွာကို၊ သမ္မာခိုင်ခံ့၊ ဘုန်းတော်ပံ့၍၊ ဆောင်အံ့သန်ကျန်း၊ ပြည်ရေးငန်းလည်း၊ တကန်းမျှသာ၊ မဟူရာတိ၊ စကြာဝိုက်ခွေ၊ တတိုက်မြေနှင့်၊ ဒေဝါလယ၊ နှစ်ဌာနသို့၊ ကာသစာရီ၊ ရွှေစက်ချီ၍၊ လောကီပတ်ဝုတ်၊ ဗိုလ်အစုတ်ကို၊ ဝိမုတ်မြိုက်ဆေး၊ ပေးအံ့သကား၊ တို့ဘုရားကို၊ ထင်ရှားမျက်ခြေ၊ မြင်တုံလေသော်၊ ဘယ်ခွေညာကွန်၊ မလန်းဟန်ဖြင့်၊ သံဝန်ထစ်ထစ်၊ ဥဒါန်းဟစ်လျက်၊ ကသစ်သခင်၊ ဝမ်းတော်ရွှင်သည်။ ။သို့စင်မဖြစ်စဘူးတည်း။

၃၀။ ကသစ်သခင်၊ စိတ်ဝမ်းရွှင်သား၊ သောင်းခွင်မျက်နှာ၊ ဖြဟ္မာနတ်ကောင်း၊ ဘော်ညီပေါင်း၍၊ ဆယ်ချောင်းဦးညွှတ်၊ ဗောဓိသတ်ကို၊ နတ်တုဿိတာ၊ ဘုံဝိမာမှ၊ လူ့ရွာသက်ခွင့်၊ သင့်ပြီဩမွန်၊ လျှောက်တောင်းပန်သို့၊ စက္ကန္တရ၊

mgyoe.com



လောကဇာလွှား၊လူနတ်များလျှင်၊ ဘုရားဘုန်းကြီး၊ တို့စော ထီးကို၊ မြှောက်ချီးရှိဝန်၊ ခွင့်တောင်းဟန်အား၊ နောင်ဘန် သာသနာ၊ နှစ်ထောင်သာ၍၊ လေးရာတိုင်းရှည့်၊ အလှိုင်း ပြည့်သော်၊ငါ၏ဓမ္မကံ၊မြှိုင်နက်တံကို၊ နှိုင်းစံဘက်ကန်း၊တုမဲ့ ထွန်းသား၊မန္တလေးတောင်၊သာခေါင်မင်္ဂလာ၊ မြေအခြာ ထက်၊ရတနာပုံမည်၊ ပြည်ကြီးတည်သည်၊ မြန်ပြည်အုပ်စိုး၊ နေနတ်မျိုးလျှင်၊ မြတ်နိုးချီးပွံ့၊ ဆောင်လတံ့ဟု၊ ချိုပုံ့တန် ချေ၊ဗျာဒိတ်ထွေကြောင့်၊ ရက်ရေမြင့်ကာ၊ လင့်လျက်ကြာ ၏၊ အခါလျော်ညီ၊ တော်ပြီဘုရား၊ လူသုံးပါးကို၊ သနား ထောက်ကူ၊ ကယ်တော်မူဟု၊ ဇမ္ဗူစိုးရန်၊ ခွင့်တောင်းပန် သည်။ ။မုဋ္ဌာန်သာယာညံ့နူးတည်း။

၃၁။ ထိုရောအခါ၊ တို့မြတ်စွာကား၊ မင်္ဂလာရွှေအိမ်၊ ရိပ်ငြိမ်ဝှဲဝှဲ၊သပ္ပါယ်ဆဲတည့်၊သဲသဲကျော်လှိုက်၊ ကပ်လုံးမြိုက် မျှ၊သိုက်တဘောင်တော်၊ကောင်းကျော်စံနည်း၊ဓာတ်လည်း ဇုဂ်ယုဂ်၊နှုတ်ပြဲဘာမြွက်၊ အိမ်မက်တော်ရိပ်၊ နတ်တံဆိပ် ကို၊ နိဗ္ဗေမိညာဉ်၊ သမ္ဗဇဉ်ဖြင့်၊ ခိုင်မာဉ်မရှိ၊ လုံးထွန်းသိ၍၊ စရိယသုံးပါး၊ ဘုရားဖြစ်စာ၊ ကျင့်တံထွာကို၊ ငါတည်းသင့် လျော်၊ဖြည့်ခွင့်တော်ပြီ၊ ဗုဒ္ဓေါ်ဗောဓေယျံ၊ မုတ္တော်မောစေ ယျံ၊တိဏ္ဏော်တာရေယျံ၊ကြွေးသံတွတ်တွတ်၊ ရွှေခွန်းလွှတ်ပြီး၊ သိဒ္ဓတ်ဘုန်းစည်၊ ကပိလ်ပြည်မှ၊ ရှယ်ရည်အာရုံ၊ ဗောဓိဘုံ သို့၊ကိုယ်ယုံညဉ့်ဝယ်၊ ထွက်စမ္ပယ်သို့၊ငြိတွယ်လျှေးမွှား၊ မာန် ကိုတားလျက်၊ မြေသားမိုးသူ၊ စိုက်ထူညှိထောင်၊ မီးရှူး ရောင်ဖြင့်၊ရွှေတောင်အမရ၊နန်းဌာနမှ၊ သတ္တသတာ၊ အဝါ ညီးညီး၊စက်ယာဉ်စီး၍၊ထီးလိုမင်းလို၊ယာယီကြွသည်။ ။ ရွှေဗိုလ်ဗောဓိရည်စူးတည်း။

mgyoe.com